ခဝပ်ကိုးကွယ်ရန်နှင့် ဖန်ဆင်းရှင်၏လမ်းညွှန်ချက်ကို လိုက်နာ ရန်ပဲ ဖြစ်ပါတယ်။ ဖန်ဆင်းရှင်စေလွှတ်ခဲ့သော တမန်တော်များတွင် တမန်တော်အာဒမ်၊ တမန်တော် နူးဟ် (နိုဝါ)၊ တမန်တော်အိဗ်ရာဟီမ် ၊တမန်တော်မူဆာနှင့် တမန်တော်အီစာ(ယေရှုခရစ်တော်)တို့ (၎င်းတို့ထံငြိမ်းချမ်းခြင်းအဖြာဖြာကျရောက်ပါစေ) တို့လည်းပါဝင်ပါတယ်။

တမန်တော်မုဟမ္မဒ် (၎င်းထံငြိမ်းချမ်းမှုအဖြာဖြာကျရောက်ပါစေ) ဟာ နောက်ဆုံး တမန်တော် ဖြစ်တော်မူပြီး ရိုးသားသော၊ တရားမျှတသော၊ စာနာကရုဏာထားတတ်သော၊ သတ္တိရှိ သော လူသားတစ်ဦး၏ ပြီးပြည့်စုံသော ဥပမာဖြစ်ခဲ့ပါတယ်။ ဖန်ဆင်းရှင်ရဲ့ နောက်ဆုံးဗျာဒိတ်တော် ကုရ်အာန်ကျမ်းမြတ်နှင့်အတူ စေလွှတ်ခြင်းခံခဲ့ရပါတယ်။ ဒီကျမ်းတော်မြတ်ရဲ့ လမ်းညွှန်သင်ကြားမှု တွေကို ဘယ်လိုကျင့်သုံးရမလဲဆိုတာကို သရုပ်ပြဖို့ တာဝန်ပေးခြင်း ခံခဲ့ရသူဖြစ်ပါတယ်။

ကုရ်အာန်ကျမ်းမြတ်ဟာ လမ်းညွှန်ပေးသောစာအုပ်ဖြစ်ပြီး ကျွန်ုပ်တို့ တည်ရှိရခြင်းရဲ့ ရည်ရွယ်ချက်က ဘာလဲ?၊ဖန်ဆင်းရှင်ဟာ ဘယ်သူလဲ?၊ဖန်ဆင်းရှင် နှစ်သက်သော အပြုအမူ များနှင့် မနှစ်သက်သော အပြုအမူများ၊ တမန်တော်များ၏ ဘဝဇာတ်ကြောင်းများနှင့် သူတို့၏ သင်ခန်းစာများ၊ ကောင်းကင်ဘုံ၊ ငရဲ နှင့် အဆုံးအဖြတ်ပေးမည့်နေ့တို့၏ အကြောင်းအရာများ စသည့် အယူအဆများကို ရှင်းလင်းဖော်ပြထားပါတယ်။ ဖန်ဆင်းရှင်၏ သဘောသဘာဝနှင့် ပတ်သက်၍ နား လည်မှု လွဲမှားခြင်းများ၊ ဖန်ဆင်းရှင်ထံ ယေရှုခရစ်၏သဘောသဘာဝနှင့် အခန်းကဏ္ဍ စသည့် အချက်များကို ရှင်းလင်းရန် လည်း ရည်ရွယ်ပါတယ်။

## ဒီတော့...ကျွန်ုပ်တို့ဘာကြောင့် ဒီလောကမှာရောက်နေတာလဲ?

လူတိုင်းသိကြမှာပါ၊ ကျွန်ုပ်တို့ရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေဖြစ်တဲ့ မျက်လုံး၊ နားရွက်၊ ဦးနှောက်၊ နှလုံးစတာ တွေဟာ လုပ်ဆောင်ချက်တာဝန်ကိုယ်စီရှိကြပါတယ်။ ဒါဆိုရင် ကျွန်ုပ်တို့ သက်ရှိတစ်ခုလုံးအနေနဲ့ လူသားတစ်ဦးချင်းစီတိုင်းမှာလည်း ရည်ရွယ်ချက်၊ လုပ်ဆောင်ချက် တာဝန်တွေ ရှိတယ်ဆိုတာမဖြစ်သင့်ဘူးလား?

ဉာဏ်ပညာအပေါင်းနှင့်ပြည့်စုံတော်မူသော ဖန်ဆင်းရှင် ကကျွန်ုပ်တို့ကို လူသားတို့၏ အခြေခံဇီဝ ဆန္ဒများကို ဖြည့်ဆည်း၍ ဦးတည်ချက်မဲ့ ပျံ့လွင့်နေဖို့ ဖန်ဆင်းခဲ့တာမဟုတ်ပါဘူး။ ဒ့ါ အပြင် ကျွန်ုပ် တို့မှာ ပို၍ မြင့်မားသော ရည်ရွယ်ချက်တစ်ခု ရှိပါတယ်။ ဖန်ဆင်းရှင် တစ်ပါးတည်း ရှိ ကြောင်းသိရှိပြီး ထိုဖန်ဆင်းရှင်ကိုသာခဝပ်ကိုးကွယ်ရန် ၊ဖန်ဆင်းရှင်၏ လမ်းညွှန်မှုအပေါ် လိုက်နာ နေထိုင်ရန် ဖြစ်ပါတယ်။ ဒီလမ်းညွှန်ချက်အတိုင်း နေထိုင်မယ်ဆိုလျှင် ကျွန်ုပ်တို့ ဘဝသက်တမ်းတစ် လျှောက်လုံးကောင်းချီး မင်္ဂလာနှင့် ပြည့်စုံ၍ အောင်မြင်မှုကို ရရှိနိုင်မှာ ဖြစ်ပါတယ်။ ခဝပ်ကိုးကွယ်မှုတွင် ဝတ်ပြုဆုတောင်းခြင်း ကဲ့သို့ တစ်ဦးခြင်းဆောက်တည်ရသော သီလ များ ပါဝင်သကဲ့သို့၊ အိမ်နီးချင်းများအပေါ်ကောင်းမွန်စွာဆက်ဆံခြင်း၊ မိမိ၏မိသားစုကိုပြုစု ထောက်ပံ့ခြင်း ၊ ရိုးသားခြင်း၊ တိရစ္ဆာန်များအားကြင်နာခြင်း စသော လူ့အသိုင်းအဝိုင်းကို အကျိုးပြုသော အပြုအမူများလည်းပါဝင်ပါတယ်။

ဖန်ဆင်းရှင်ဟာကျွန်ုပ်တို့ကို အခြားမည်သည့်အရာကိုမျှ မကိုးကွယ်ရန် တားမြစ်ထား ပါတယ်။ ( ဥပမာ_ရုပ်ထုများ၊နေ၊လ၊သူတော်စင်များ၊ဘုန်းတော်ကြီးများ၊ ထို့ပြင် တမန်တော်များ ကိုပင်မကိုးကွယ်ကြရန် )။ ဖန်ဆင်းရှင်သည် မည်သည့်တွဲဖက် သို့မဟုတ် ကြားခံမှ မလိုအပ်ပါ။ လူတိုင်းဟာ ဖန်ဆင်းရှင်ကို တိုက်ရိုက် ခဝပ်ဆည်းကပ်နိုင်ပါတယ်။

ဘဝဟာ စမ်းသပ်မှုတစ်ခုဖြစ်ပြီး လူတိုင်းဟာမတူညီသော စမ်းသပ်ချက်များကို တွေ့ကြုံ ရမည် ဟု ဖန်ဆင်းရှင်က မိန့်ကြားထားပါတယ်။ ကျွန်ုပ်တို့ကြုံတွေ့ရတဲ့ ကိစ္စရပ်တွေကို ကျွန်ုပ်တို့ မထိန်းချုပ်နိုင်ပါ။ သို့သော်ကျွန်ုပ်တို့ဘယ်လိုတုန့်ပြန်မလဲဆိုတာကိုတော့ ကျွန်ုပ်တို့ ထိန်းချုပ်နိုင်ပါ တယ်။ ဒုက္ခများနှင့်ကြုံရလျှင် စိတ်ရှည်သည်းခံခြင်း၊ ကောင်းချီးမင်္ဂလာများ အပေါ် ကျေးဇူးတင်ခြင်း တို့ဟာ ဖန်ဆင်းရှင်နှင့် နီးစပ်စေပြီး ထာဝရ ကောင်းကင်ဘုံကိုရောက်ရှိဖို့အကြောင်းတွေပဲ ဖြစ်ပါ တယ်။ ဖန်ဆင်းရှင်ရဲ့ အမိန့်တော်တွေကို လျစ်လျူရှု ၊ ဖီဆန်မယ်ဆိုရင်တော့ ငရဲမှာ ဆိုးဝါးတဲ့ပြစ်ဒဏ်တွေ ခံယူရမယ်လို့ သတိပေးထားပါတယ်။

## ဒါဆိုရင် ... ကျွန်ုပ်တို့ ယခု ဘာလုပ်ကြမလဲ?

အကြင်သူ၏ယုံကြည်ခြင်းကို စမ်းသပ်ခြင်းဟူသည်မှာ ထိုသူသည်မိမိ၏ ဉာဏ်စွမ်းဖြင့် ဖန်ဆင်းရှင်၏ နိမိတ်လက္ခဏာများကိုတွေးတောဆင်ခြင်၍ အသိအမှတ်ပြုခြင်းနှင့် ထိုအရှင်၏ လမ်းညွှန်မှုအတိုင်း နေထိုင်ခြင်းကိုဆိုလိုပါတယ်။

ဒါဟာဖန်ဆင်းရှင်ရဲ့ အမိန့်တော်များကို နာခံ လိုက်နာဖို့ပဲ ဖြစ်ပါတယ်။ အရဗီဘာသာစကားတွင်”မွတ်စလင်မ်”အဖြစ်ခံယူခြင်း လို့ခေါ်ပါတယ်။

တစ်ပါးတည်းသောဘုရားသခင် ဖန်ဆင်းရှင်ကို အရဗီဘာသာမှာ “အလ္လာဟ်” လို့ခေါ် ပါတယ်။ အလ္လာဟ်အရှင်မြတ်ဟာ အစ္စလာမ် သာသနာကို လူသားတိုင်း ထိုသူ၏ အတိတ်မည်သို့ ပင်ဖြစ်စေ၊ ထိုသူ၏ နောက်ခံ အခြေအနေ၊ လက်ရှိအနေအထားမည်သို့ပင်ဖြစ်စေ လက်လှမ်းမှီ ဝင် ရောက်နိုင်ရန် ပြုပေးထားတော်မူပါတယ်။ ဒါကြောင့် မည်သူမဆို ရိုးရှင်းစွာ ဖန်ဆင်းရှင်အား ယုံကြည်၍ အောက်ပါ သက်သေခံချက်ကို ရွတ်ဆိုရုံဖြင့် မုစ္စလင်မ် တစ်ဦး ဖြစ်လာနိုင်ပါတယ်။

**“ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်မှလွဲ၍ ကိုးကွယ်ခြင်းခံထိုက်သူအခြားမရှိကြောင်း သက်သေခံပါသည်။**

**၎င်းနောက် တမန်တော်မြတ် မုဟမ္မဒ် သည် အလ္လာဟ်အရှင်မြတ်၏ စေတမန်တော် ဖြစ်တော်မူကြောင်းသက်သေခံပါသည်။”**

ယခုအချိန်ဟာ အမှန်တရားကို လက်ခံ၍ အသင်၏ ဖန်ဆင်းရှင်ကို အသိအမှတ်ပြု၍ အသင့်ဘဝရဲ့ ရည်ရွယ်ချက်တာဝန်ကို ဖြည့်ဆည်းရန် အချိန်ပဲမဟုတ်လား?


**For More Information & Further Pamphlets in this Series**

**p** (+61) 3 9309-1515 **w** islamicpamphlets.com **e** shareislam@gmail.com

**Donation Details** *(Every $1 AUD donated produces 15 pamphlets)*

**Bank Name** Commonwealth Bank **Account** Pamphlet Project Australia
**BSB** 063620 **Account** 10532332 **Swift (international)** CTBAAU2S


# ကျွန်တော်တို့ဘဝရဲ့ ရည်ရွယ်ချက်က ဘာလဲ?

ကျွန်တော်တို့ဘယ်ကလာသလဲ?
ကျွန်တော်တို့ဘာကြောင့်ဒီလောကမှာရောက်နေတာလဲ?
ကျွန်တော်တို့နောက်ဘယ်ကိုသွားရမှာလဲ?



အခြေခံ အချက်များကိုလေ့လာခြင်း

islamicpamphlets.com

ဘဝရဲ့ရည်ရွယ်ချက်ကိုစဉ်းစားတဲ့အခါမှာ ပထမဆုံး စိတ်ထဲပေါ်လာတတ်တဲ့မေးခွန်းကတော့ "ကျွန်ုပ်တို့ဘယ်ကလာသလဲ?"ဆိုတာပါပဲ။ ကျွန်ုပ်တို့ ဒီလောကမှာ ရောက်လာတာက သဘာဝ အလျောက် ကျပန်းကြုံကြိုက်မှု တစ်ခုပဲလား ဒါမှမဟုတ် ဖန်ဆင်းရှင်တစ်ပါး ရှိနေသလား? ဖန်ဆင်းရှင်ရှိကြောင်း ယုံကြည်ဖို့ရန် ယုတ္တိနည်းအရရော၊ဆင်ခြင်တုံတရားအရရော အ ကြောင်းရင်းများစွာ ရှိပါတယ်။

# ၁။စကြဝဠာစတင်ဖြစ်ပေါ်လာခြင်း

ဖန်ဆင်းရှင်တည်ရှိကြောင်း ပထမဦးဆုံး အထောက်အထားက စကြဝဠာရဲ့ မူလဇာတ်မြစ် ကို နားလည်ခြင်းနှင့် ဆက်နွယ်နေပါတယ်။

သင်ဟာ သဲကန္တာရထဲမှာ လမ်းလျှောက်ရင်း နာရီတစ် လုံးကို ကောက်တွေ့မယ်ဆိုပါစို့။ နာရီတစ်လုံးဟာ ဖန်၊ပလပ်စတစ်နဲ့ သတ္တုတို့နဲ့ ပြုလုပ်ထားတယ်ဆိုတာ ကျွန်တော်တို့အားလုံး သိပါတယ်။ ဖန်က သဲကလာတယ်။ ပလပ်စတစ်က ဆီကလာတယ်။ သတ္တုက မြေကြီးထဲက တူးရတယ်။ ဒီပါဝင်ပစ္စည်းတွေအားလုံး သဲကန္တာရထဲမှာ တွေ့နိုင်ပါတယ်။ ဒါဆို နာရီက သူ့အလိုလိုဖြစ်လာတယ်လို့ ပြောရင်အသင်ယုံမလား? နေပူလိုက်၊ လေတွေတိုက်လိုက်၊ လျှပ်စီးတွေ လက်လိုက်၊ဆီတွေက မျက်နှာပြင်မှာအမြုပ်ထလာပြီး သဲတွေ သတ္တုတွေနဲ့ရောသွားပြီး နှစ်သန်း ပေါင်း များစွာကြာလာတဲ့အခါ သဘာဝကျပန်းဖြစ်ရပ်တွေကြောင့် နာရီတစ်လုံး ဖြစ်ပေါ်လာ တယ်လို့ ဆိုနိုင်မလား?

> *"ဘုရားသခင်ကို ရောဘယ်သူကဖန်ဆင်းခဲ့သလဲ?"လို့အချို့ကမေးခွန်းထုတ်နိုင်ပါတယ်။*
>
> *ဘုရားသခင် ဖန်ဆင်းရှင်ဟာ သူ၏အဖန်ဆင်းခံများနှင့်မတူပါဘူး၊ ထာဝရ တည်ရှိနေတော်မူပြီး အဆုံးအစမရှိပါ။*

လူသားတွေရဲ့အတွေ့အကြုံနဲ့ ရိုးရှင်းသောအသိဉာဏ်အရ အရာတစ်ခု စတင်ဖြစ်ပေါ်လာ ခြင်းဟာ ဗလာနတ္ထိကနေ မဖြစ်လာနိုင်ကြောင်းသိနိုင်ပါတယ်။ အရာတစ်ခုဟာ သူ့ကိုယ်သူ ကိုယ်တိုင်လဲ မဖန်ဆင်းနိုင်ပါဘူး။ ဒါကြောင့် ယုတ္တိအတန်ဆုံး ရှင်းပြချက်ကတော့ သာမန်ထက်အဆင့်မြင့်သော ဖန်ဆင်းရှင်တစ်ပါးက စကြဝဠာကို ဖန်ဆင်းခဲ့တယ် ဆိုတာပါပဲ။ ထိုအရှင်ဟာ စကြဝဠာတစ်ခုလုံးကို ဖန်ဆင်းခဲ့တဲ့ အပြင် စကြဝဠာကို ထိန်းချုပ်နေတဲ့ သိပ္ပံဥပဒေများကိုပါ ဖန် ဆင်းခဲ့တာကြောင့် အင်မတန် တန်ခိုး ဉာဏ်ပညာ စွမ်းပကားကြီးပါတယ်။ နောက်ထပ် အကြောင်းရင်းကတော့ ထိုတန်ခိုးရှင်ဟာ အဆုံးအစမရှိ၊ အာကာသနှင့်လည်း သီးခြားတည်ရှိနေပါတယ်။ ဘာကြောင့်လဲဆိုတော့ အာကာသ၊ အချိန်နဲ့ ဒြပ်ထုတို့ဟာ စကြဝဠာ စတင်တည်ရှိချိန်မှသာ ပေါ်ပေါက်လာတာဖြစ်ပါတယ်။ ဖော်ပြပါ ဂုဏ်ရည်များကြောင့် စကြဝဠာရဲ့ ဖန်ဆင်းရှင် ဘုရားသခင်ဆိုတဲ့ အယူအဆ ဖြစ်ပေါ်လာရပါတယ်။ ဒီအချက်ဟာ ခေတ်သစ်သိပ္ပံပညာက ကောက်ချက်ချထားတဲ့ စကြဝဠာကြီးဟာ အမြဲတည်ရှိခဲ့တာမဟုတ်ပဲ အစတစ်ခုရှိခဲ့ပြီး ကန့်သတ်ချက်(အဆုံး) လည်းရှိတယ်ဆိုတဲ့ အချက်နဲ့လည်းကိုက်ညီနေပါတယ်။

# ၂။စကြဝဠာ၏ပြီးပြည့်စုံမှု

ဉာဏ်ပညာမြင့်မားလှသော ဖန်ဆင်းရှင်ရှိနေကြောင်း သက်သေပြနေတဲ့ ဒုတိယအချက်ကတော့ အင်မတန်ရှုပ်ထွေးလှတဲ့ ကျွန်ုပ်တို့ရဲ့ စကြဝဠာကြီး၏ အစီအစဉ်ကျမှုနှင့် မျှခြေ အခြေအနေမှာ ရှိနေ မှုပါပဲ။

နေနှင့်ကမ္ဘာရဲ့အကွာအဝေး၊ ကမ္ဘာ့မြေလွှာရဲ့အထု၊ ကမ္ဘာကြီး လည်နေတဲ့အရှိန်၊ လေထုထဲ တွင် ပါဝင်သော အောက်စီဂျင်ရာခိုင်နှုန်း၊ ကမ္ဘာမြေကြီး၏ တိမ်းစောင်းမှု၊ စတဲ့ စကြဝဠာအတွင်းရှိ အခြင်းအရာ တော်တော်များများဟာ သက်ရှိတွေ အသက်ရှင်ဖို့ အထောက်အကူဖစ်စေရန် အထူး တလည် ဒီဇိုင်းချထားကြောင်း ရှင်းလင်းစွာ တွေ့ရှိနိုင်ပါတယ်။ ၎င်းအတိုင်းအတာများမှ ယခုလက် ရှိ အခြေအနေမှ အနည်းငယ်လွဲချော်ခဲ့မယ်ဆိုရင်တောင် သက်ရှိတွေ တည်ရှိနေဖို့ မဖြစ်နိုင်တော့ပါ။

> *"မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ဖန်ဆင်းခြင်းတွင်၊ ညနှင့်နေ့၏ အလှည့်ကျ ပြောင်းလဲမှုတွင် အသိဉာဏ်ပညာရှင်တို့အဖို့ အမှန်ပင် မြောက်များစွာသောသက်သေလက္ခဏာများ ရှိ၏။"*
>
> *(ကုရ်အာန် - ၃ : ၁၉၀)*

နာရီဟာ အချိန်မှန်အတိအကျပြဖို့ သူ့ကိုတည်ထွင်တဲ့ ပညာရှင် လိုအပ်သလို ကမ္ဘာကြီးဟာလည်း နေကို အချိန်မှန်အတိအကျ လည်ပတ်နေဖို့ ဖန်ဆင်းရှင် လိုအပ်ပါတယ်။ ဒါဟာ သူ့အလိုလို ဖစ်နိုင်ပါ့ မလား?

ဒီလို အစီအစဉ်တကျဖြစ်နေမှုတွေ၊ တိကျတဲ့ နိယာမတွေ၊ စနစ်တွေကို ကြည့်ခြင်းအားဖြင့် ဖွဲ့စည်းတည်ဆောက်ထားသူတစ်ဦး ရှိတယ်ဆိုတဲ့ အယူအဆဟာ ကျိုးကြောင်းဆီလျော်တယ် မဟုတ်ဘူးလား? ဒီဖွဲ့စည်းတည်ဆောက်ထားသူဟာ ဖန်ဆင်းရှင်ဘုရားသခင်ဖြစ်တယ် ဆိုတာကို လည်း အကောင်းဆုံး ရှင်းပြထားပါတယ်။

# ၃။ ဖန်ဆင်းရှင်၏ ဗျာဒိတ်တော်

ဖန်ဆင်းရှင်ရှိကြောင်း ညွှန်ပြနေတဲ့ တတိယအချက်ကတော့ စစ်မှန်တဲ့ ဗျာဒိတ်တော်ကို ဖန်ဆင်းရှင်ရှိကြောင်း လက္ခဏာအဖြစ် လူသားတွေထံသို့ ပို့ချခံရခြင်း ဖြစ်ပါတယ်။ အစ္စလာမ့်ကျမ်း စာတော်ဖြစ်တဲ့ ကုရ်အာန်ကျမ်းမြတ်ဟာ ဖန်ဆင်းရှင်ရဲ့ ဗျာဒိတ် တော်ဖြစ်ကြောင်း ရှင်းလင်းတဲ့ လက္ခဏာတွေ ရှိနေပါတယ်။ ဒီအဆိုပြုချက်ကို ထောက်ခံနေတဲ့ အကြောင်းပြချက်တွေကို အောက် မှာ ဖော်ပြပါမယ်။ **ကုရ်အာန်–**

> *ဖန်ဆင်းရှင်ဟာ စာအုပ်တစ်အုပ်ကို လမ်းညွှန်အနေနဲ့ ချပေးမယ်ဆိုရင် ၊ ထိုစာအုပ်မှာ ဖန်ဆင်းရှင် ရှိတော်မူကြောင်း ရှင်းလင်းတဲ့ သက်သေတွေ ပါဝင်မယ်လို့ ကျွန်တော်တို့ မှန်းဆထားမှာပါပဲ။*

- နှစ်ပေါင်း ၁၄၀၀ ကျော် သက်တမ်းရှိပြီဖြစ်ပြီး ထိုအချိန်က လူတို့မသိရှိသေးသော၊ မကြာသေးမီကမှ သိပ္ပံနည်းဖြင့် ရှာဖွေတွေ့ရှိထားသော သိပ္ပံဆိုင်ရာအချက်အလက်များ ပါဝင်ပါခြင်း။ ဥပမာ–" ငါအရှင်သည် ရေဖြင့် သက်ရှိအားလုံးကိုဖန်ဆင်းခဲ့သည်။" (ကုရ်အာန်– ၂၁ : ၃၀) "ထို့အပြင်ငါအရှင်မြတ်သည် ယင်းမိုးကောင်းကင်ကို ကျယ်ပြန့်လာစေတော်မူခဲ့သည်။" (ကုရ်အာန်– ၅၁ : ၄၇) "ည၊ နေ့၊ နေနှင့် လတို့ကိုဖန်ဆင်းတော်မူခဲ့သည့်အရှင်သည်လည်း ထိုအရှင်ပင် ဖြစ်တော် မူသည်။ ယင်းအရာအားလုံးတို့သည် ဂြိုဟ်ပတ်လမ်းအသီးသီးတွင် လှည့်ပတ်သွားလာ လှုပ်ရှားနေလျှက် ရှိကြသည်။" (ကုရ်အာန်– ၂၁ : ၃၃)
- ထိုအချိန်ကလူတို့မသိသေးသော သမိုင်းဝင်ချက်အလက်များစွာ၊ ယနေ့အခါတွင် မှန်ကန် ကြောင်း သက်သေပြပြီးဖြစ်သော ခန့်မှန်းချက်များစွာ ပါဝင်ခြင်း။
- အကြောင်းအရာ ခေါင်းစဉ်များစွာ ပါဝင်၍ ၂၃နှစ်ကာလအတွင်း အနည်းငယ်စီ ကျရောက်ခဲ့ပါ သော်လည်း အမှား ၊ ဝိရောဓိ တစ်စုံတစ်ရာ ကင်းရှင်းခြင်း။
- အခြားစာပေများကဲ့သို့မူရင်းပျောက်ပျက်သွားခြင်းမရှိပဲ မူရင်းအရဗီ ဘာသာစကားဖြင့် ကျရောက် ခဲ့သည့်အချိန်ကအတိုင်း ယနေ့တိုင် စာလုံးတစ်လုံးစီတိုင်း ထိန်းသိမ်းထားခြင်း။
- လူသားတို့၏ဉာဏ်ပညာနှင့် ဖန်ဆင်းရှင်အားယုံကြည်သည့်မွေးရာပါ ဗီဇတို့ကို နိုးထစေသော၊ ရိုးရှင်းသော၊ စစ်မှန်သော၊ တစ်လောကလုံးနှင့်သက်ဆိုင်သော သတင်းစကားများပါဝင်ခြင်း။
- အနှစ်အဓိပ္ပာယ်နက်ရှိုင်း၍ လူတို့၏စိတ်နှလုံးကိုလှုပ်ကိုင်နိုင်စွမ်းရှိခြင်း။
- စာပေမတတ်သူ တမန်တော်မြတ် မုဟမ္မဒ် (သူ့အပေါ်ငြိမ်းချမ်းခြင်းသက်ရောက်ပါစေ) ထံသို့ ချပေးခဲ့သည့်တိုင် ပြိုင်စံကင်းသော ဘာသာစကား၊ ရေးဟန်တို့ကြောင့် အရဗီ ဘာသားစကား၏ ကြွယ်ဝမှု၊ လှပမှု၏ အထွပ်အထိပ် ဖြစ်ကြောင်း တစ်လောကလုံး ကလက်ခံထားခြင်း။

ကုရ်အာန်ကျမ်းမြတ်၏ ထူးခြားပြောင်မြောက် အံ့ဖွယ် အခြင်းအရာများအရ ဤကျမ်း မြတ်သည် ဖန်ဆင်းရှင်ထံမှ ဖြစ်သည်ဟူသော ရှင်းလင်းချက်မှာ ဆီလျော်မှုအရှိဆုံး ဖြစ်ပေသည်။

# ဖန်ဆင်းရှင်က လမ်းညွှန် ပြသပေးတော်မူပါတယ်

ဉာဏ်ပညာအပေါင်းနှင့်ပြည့်စုံသောအရှင်မြတ်ကကျွန်ုပ်တို့ကို ဖန်ဆင်းခဲ့ကြောင်း သိရှိပြီး တဲ့အပေါ် ကျွန်ုပ်တို့ဟာ မိမိဘဝရဲ့ရည်ရွယ်ချက်ကိုသိရှိရန် မျှော်လင့်ကြပါတယ်။ ဖန်ဆင်းရှင်က ကျွန်ုပ်တို့ထံမှ ဘယ်အရာတွေကို မျှော်လင့်သလဲ ကျွန်ုပ်တို့ဘယ်လိုသိရှိနိုင်မလဲ? ကျွန်ုပ်တို့ဟာ စမ်းသပ်ကြိုးစားနေထိုင်လိုက်၊ အမှားတွေနဲ့တွေ့ကြုံလိုက်နေထိုင်မလား? ကျွန်ုပ်တို့ရဲ့ ရည်ရွယ် ချက်ကို ကျွန်ုပ်တို့ကိုယ်တိုင်ချမှတ်ရမှာလား? အခြားသူများနေထိုင်ပြုမူသကဲ့သို့ လိုက်မျော၍ နေထိုင်သင့်သလား? မဟုတ်ပါ၊ ဖန်ဆင်းရှင်က ကျွန်ုပ်တို့ရဲ့ရည်ရွယ်ချက်ကို ပို့ချရန် တမန်တော် များနှင့် ဗျာဒိတ်တော်ကို ကျွန်ုပ်တို့ထံစေလွှတ်တော်မူခဲ့ပါတယ်။

ဖန်ဆင်းရှင်ဟာအနည်းဆုံး တိုင်းပြည်တစ်ခုသို့ တမန်တော်တစ်ပါး သောင်းနဲ့ချီတဲ့ တမန် တော်တွေကိုစေလွှတ်တော်မူခဲ့ပါတယ်။ ယင်းတမန်တော်များအာလုံးရဲ့ သတင်းစကားကတော့ တူတူ ပါပဲ၊ ဖန်ဆင်းရှင်တစ်ပါးတည်းကိုသာ